

# အခမဲ့ အာမခံ မူဂါဒ



ကျန်းမာရေး


အိမ်

မီး

အသက်

## သတင်းကောင်း အာမခံ ကျန်းမာရေး

ယနေ့ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်သည် ကျန်းမာရေး အာမခံကုန်ကျမှုအဖြစ် ရင်သပ်ရှုမော လောက်အောင်ပင်ဖြစ်သည်။ `သင့်ရဲ့ ရောဂါအားလုံးပျောက်ကင်းစေနိုင်တယ်` လို့ ကြုံဂါးနိုင်သော ဆေး ဆရာကို သင်တွေ့ဆုံခဲ့ဖူးပါသလား။



`ထိုသူသည် ငါတို့ လွန်ကျူးခြင်း အပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်း ချမ်းသာကို ဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသော ဒဏ်ချက် အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။` ဟေရှာယ ၅၃း၅

# အိမ်



အိမ်များကို ပျက်ဆီးမှုအမျိုးမျိုး၊ သူခိုးများ၊ ကျူးကျော်ဝင်ရောက်မှု အမျိုးမျိုးမှ ကာကွယ်ရန် အိမ်ရှင်များသည် အာမခံထားကြသည်။ ပြတင်းပေါက်နှင့် တံခါးများ၌ သစ်သားတိုင်များ၊ သူခိုးလန့် ခေါင်းလောင်း စသည်တို့ကို ထားရှိပြီး၊ ဘေးဘက်ဝန်း၌ ကင်းလှည့်သောသူများသည်လည်း အိမ်ရှင်များ၏ လုံခြုံရေးနှင့် ငြိမ်သက်ခြင်းကို မပေးစွမ်းနိုင်ကြပါ။

`သင်တို့စိတ်နှလုံး ပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်ကြလော့။ ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်းများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲမနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။` ယော ၁၄း၁၊၂

# မီး

မီးသည် အိမ်များ၊ အစားထိုးမရနိုင်သည့် ပိုင်ဆိုင်ထားသော ရတနာများစသည်တို့ကို လောင်ကျွမ်းစေပါသည်။ သို့သော် ထာဝရကာလ၌ ငရဲမီးအိုင်ရှိပါသည်။ ထိုမီးငရဲ





မှ သင့်ကိုယ်သင် ကာကွယ်ရန် သင်၌ မူဂါဒရှိပါ သလား။

`အောင်မြင်သောသူသည် ဤအရာတို့ကို အမွေခံရလိမ့်မည်။ ငါသည် သူ၏ ဘုရားသခင်ဖြစ်မည်။ သူသည် လည်း ငါ၏ သားဖြစ်လိမ့်မည်`

`ကြောက်တတ်သောသူ၊ မယုံကြည်သူသောသူ၊ စက်ဆုပ်ရွံ့ရှာဖွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သော သူအပေါင်းတို့မူကား၊ ဒုတိယသေခြင်းတည်းဟူသော ကန့်နှင့် လောင်သော မီးအိုင်ထဲ၌ မိမိတို့ အဖို့ကို ရကြလိမ့်မည်`ဗျာဒိတ် ၂၁း၇၊ ၈။

## အသက်



လူပေါင်းများစွာ အသက်အာမခံကြေးအတွက် ထောင်ပေါင်းများစွာသော ငွေကြေးကို သုံးစွဲလျှက်ရှိကြသည်။ သို့ သော် မည်သူက အကျိုးကျေးဇူးရရှိမည်နည်း။ သင် သေဆုံးပြီးတဲ့နောက် ဘယ်အရာက သင့်အတွက် အကျိုး ကျေးဇူးရှိပါသလဲ။

`ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရသက်ကို ရ စေခြင်းငှါ ဘုရား

သခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏` ယော ၃း၁၆။

# မူဂါဒ၏ အခြေအနေများ

## ၁။ သင်သည် အပြစ်သားတစ်ယောက်ဖြစ်သည်ကို သိရှိပါ။



`အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေ ပျက်ကြပြီ` ရောမ ၃း၂၃။

`ကိုယ်အပြစ်မရှိဟု ငါတို့သည်ဆိုလျှင် ကိုယ်ကိုကိုယ် လှည့်ဖြားကြ၏။ ငါတို့၌ သစ္စာ မရှိ`၁ယော ၁း၈။

## ၂။ အပြစ်တရား၏ အခဟာ သေခြင်းဆိုတာ သိရှိပါ။



`မတရားသောသူတို့နှင့် ဘုရားသခင်ကို မေ့လျော့သော လူမျိုးအပေါင်းတို့သည် မရဏာနိုင်ငံသို့ နှင်ခြင်းကို ခံရကြလိမ့်မည်` ဆာ ၉း၁၇။

## ၃။ သင်၏ စွမ်းအားများဖြင့် သင့်ကိုယ်သင် မကယ်တင်နိုင်ကြောင်းကို သိရှိပါ။

`ပြုဖူးသမျှသော ကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏`ယေရှာယ ၆၄း၆။

## ၄။ နောင်တရပြီး ဘုရားစကား နားထောင်ပါ။



`ဘုရားသခင်သည် မိုက်မဲသော အချိန်ကာလတို့ကို အမှုမထားဖူးသော်လည်း ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသောအရပ်တို့၌ ရှိသော လူအပေါင်းတို့အား ပညတ်တော်မူ၏` တမန် ၁၇း၃၀။

## ၅။ ကယ်တင်ပိုင်ရှင်အဖြစ် သခင်ယေရှုကို လက်ခံယုံကြည်ပါ။

`ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရသက်ကို ရ စေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသား တို့ကို ချစ်တော်မူ၏` ယော ၃း၁၆။

## ၆။ ယေရှုထံ သင့်ရဲ့အပြစ်တွေကို ဝန်ချတောင်းပန်ပါ။

`ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏`၁ယော ၁း၉



## ၇။ ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ နှစ်ခြင်းကို ခံယူပါ။

`သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ ယေရှုခရစ်၏ ဗတ္တိဇံကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်` တမန် ၂း၃၈။

## ၈။ သတင်းကောင်းတရားနှင့် အသက်ရှင်ပါ။



`ကိုယ်ကိုကိုယ် လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကို ကျင့်သောသူဖြစ် ကြလော့`ယာကုပ် ၁း၂၂

## သဘောတူညီချက်များ

ဤသဘောတူညီချက်သည် ထာဝရထိတိုင်ပြုလုပ်ထားသော အရာဖြစ်ပါသည်။ ငွေကြေးများ၊ ကောင်းသော အလုပ်များ ပေးဆပ်စရာမလိုအပ်ပါ။ အဖိုးအခသည် ယေရှုခရစ် ကားတိုင်ပေါ်တွင် အသေခံခဲ့သောအချိန်၌ ပေး ထားပြီးပြီ ဖြစ်သည်။ ပရိမီယမ်ကြေး၊ ကြိုပေးငွေများကို ယေရှုခရစ် ကားတိုင်ပေါ်တွင် အသေခံခဲ့သောအချိန်၌ ပေးထားပြီးပြီဖြစ်သည်။ သူ၏ ကျေးဇူးတော်အားဖြင့် လူသားအားလုံးတွက် အခမဲ့ပေးထားပြီဖြစ်သည် (ဧဖက် ၂း၈)။ ယေရှုခရစ်အား တည်ကြည်သော ယုံကြည်ခြင်း တစ်ခုသာ လိုအပ်ပါသည် (ဧဖက်၃း၁၇)။

